ချမ်းမြေ့မေတ္တာဖွံ့ဖြိုးရေးအသင်း

**Chan Myae Myittar Development Association**

www.cmmda.org, info@cmmda.org


# တင်ဒါခေါ်ယူခြင်း

| | |
|---|---|
| **တင်ဒါအမှတ်စဉ်** | **- 001/tender/CMMDA** |
| **အကြောင်းအရာ** | **- တကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းများ (အိမ်ထောင်စု) တင်ဒါခေါ်ယူခြင်း** |
| **တင်ဒါခေါ်ယူသည့်နေ့** | **- ၂ - ၁ - ၂၀၂၃** |
| **တင်ဒါတင်သွင်းရန် နောက်ဆုံးရက်** | **- ၅ - ၁ - ၂၀၂၃ (ညနေ ၅နာရီ)** |

၁။ ချမ်းမြေ့မေတ္တာဖွံ့ဖြိုးရေးအသင်းသည် မှတ်ပုံတင်အမှတ် (၁/ပြည်တွင်း/၀၁၉၀) ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားပြီး မြန်မာနိုင်ငံအတွင်း အာဟာရ ဖွံ့ဖြိုးရေး၊ ရေကောင်းရေသန့် ရရှိရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စသည့် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများအား ၂၀၁၃ ခုနှစ်မှ စတင်ကာ ဆောင်ရွက်နေသောအသင်း တစ်ခု ဖြစ်ပါသည်။ ချမ်းမြေ့မေတ္တာဖွံ့ဖြိုးရေးအသင်းသည် ညောင်ဦးမြို့နယ်၊ ထီးပုကျေးရွာအုပ်စု (MIMU Village Tract Code - MMR010022022) ရှိ ကျေးရွာ (၉) ရွာတွင် ကျေးလက်ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရေကောင်းရေသန့် ရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖော်ပြပါ ကျေးရွာများရှိ အိမ်ထောင်စုများတွင် အသုံးပြုရန် တစ်ကိုယ်ရေ သန့်ရှင်းရေးသုံး ပစ္စည်းများကို ပံ့ပိုးကူညီနိုင်ရန် အတွက် ဝယ်ယူလိုပါသဖြင့် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းလိုသူများအနေဖြင့် သတ်မှတ်ထားသည့်တင်ဒါဈေးနှုန်းတင်သွင်းလွှာပုံစံကို တင်ဒါရွေးချယ်ရေးအဖွဲ့၊ ချမ်းမြေ့ မေတ္တာဖွံ့ဖြိုးရေးအသင်း၊ အမှတ် ၂၅၀၊ ရာဇသင်္ကြန်(၃)လမ်း၊ သီရိပစ္စယာ (၅) ရပ်ကွက်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်း ဒေသကြီးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက် ရယူ၍ တင်ဒါတင်သွင်းရန် နောက်ဆုံးရက် ညနေ ၅း၀၀ နာရီမတိုင်ခင် အိတ်ပိတ်ထားသည့် တင်ဒါလျှောက်လွှာများကို လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောပို့စနစ်ဖြင့် ပေးပို့နိုင်ပါသည်။

၃။ တင်ဒါပုံစံတွင် ဖော်ပြထားသည့်အချက်အလက်များနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက အပိုဒ်(၂)တွင် ဖော်ပြပါ ရုံးခန်းလိပ်စာသို့ တင်ဒါတင်သွင်းမည့်သူ (သို့မဟုတ်)ကိုယ်စားလှယ်မှ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း နိုင်ပါသည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခြင်းကို ဖြေကြားမည် မဟုတ်ပါ။

၄။ တင်ဒါလုပ်ငန်းကို တဆင့်ခံကန်ထရိုက်ပေးမည့်သူများ၊ ကိုယ်တိုင်ဆောင်ရွက်ခြင်း မပြုလုပ်နိုင်သူများ လျှောက်ထားရန် မလိုအပ်ပါ။ ချမ်းမြေ့မေတ္တာအသင်း၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအား တဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ တင်ဒါ တင်သွင်းခြင်း၊ တင်ဒါလုပ်ငန်းအား တဆင့်ခံလုပ်ကိုင်ခြင်းများ ခွင့်မပြုပါ။

၅။ တင်ဒါတင်သွင်းရမည့် စည်းမျဉ်းစည်းကမ်းများ

၅-၁။ တင်သွင်းသော ဈေးနှုန်းအဆိုပြုလွှာကို ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်နှင့် ကုမ္ပဏီအမှတ်တံဆိပ်ပါရှိသည့် ရာဘာတံဆိပ်တုံး ခပ်နှိပ်ထား သည့် ကုမ္ပဏီ letterhead ဖြင့် ပူးတွဲ တင်သွင်း ရမည်ဖြစ်ပါသည်။

၅-၂။ အဆိုပြုလွှာ တင်သွင်းရာတွင် ပစ္စည်းဈေးနှုန်းနှင့် ဈေးနှုန်း အာမခံနိုင်မှု အချိန်အတိုင်းအတာနှင့် ပစ္စည်းအရည်အသွေး အာမခံချက်များကိုလည်း တိတိကျကျ ထည့်သွင်း ဖော်ပြပေးရမည်။

၅-၃။ တင်ဒါတင်သွင်းရာတွင် တွက်ချက်မှု အသေးစိတ်ကို တင်ပြရမည်။ (Detail of measurements,

Bill of quantity and activity work plan)

၅-၄။ ပြည့်စုံမှုမရှိသော အဆိုပြုလွှာများနှင့် သတ်မှတ်ချိန်ထက် ကျော်လွန်ရောက်ရှိလာသော အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၅-၅။ ငွေပေးချေရာတွင် KBZ Bank Special Account မှ ဘဏ်စာရင်းအချင်းချင်း ငွေလွှဲပြောင်းသည့် နည်းလမ်းဖြင့် စရံငွေပေးခြင်း၊ အရစ်ကျပေးချေခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်သောကြောင့် တင်ဒါ တင်သွင်းသူ၏ အမည်နှင့် ဘဏ်စာရင်းအမှတ်များ (သို့မဟုတ်) ငွေလွှဲပြောင်းခြင်းကို လက်ခံမည့်သူအမည်၊ မှတ်ပုံတင်အမှတ်နှင့် ဘဏ်စာရင်းအမှတ်များကို တင်ဒါတင်သွင်းရာတွင် တစ်ပါတည်း ဖော်ပြရမည်ဖြစ်သည်။ တင်ဒါတွင် မဖော်ပြထားသည့် ငွေလက်ခံမည့်သူအမည်နှင့် ဘဏ်စာရင်းအမှတ်များသို့ ငွေလွှဲပြောင်းပေးမည်မဟုတ်ပါ။

၆။ တင်ဒါတင်သွင်းသူနှင့် ၎င်း၏ လုပ်ငန်းဆောင်ရွက်မည့်သူများ လိုက်နာရန်စည်းကမ်းများ

၆-၁။ မြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများကို လိုက်နာ ဆောင်ရွက်ရမည်။

၆-၂။ အသက်မပြည့်သေးသည့် ကလေးလုပ်သားများ အသုံးပြုခြင်းကို ရှောင်ရှားရမည်။

၆-၃။ လုပ်ငန်းဆောင်ရွက်သည့် ဒေသအတွင်း ကျင့်သုံးသည့် ဓလေ့ထုံးစံများကို လေးစား လိုက်နာရမည်။

၆-၄။ အမျိုးသားကိုဖြစ်စေ၊ အမျိုးသမီးကိုဖြစ်စေ ကိုယ်အမူအယာ၊ နှုတ်အမူအယာဖြင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်း၊ ကာယအိန္ဒြေပျက်ပြားစေခြင်း၊ ကိုယ်ထိလက်ရောက် စော်ကားခြင်း တို့ဖြစ်ပေါ်ပါက လုပ်ဆောင်ဆဲ လုပ်ငန်းအားရပ်တန့်စေ၍ တင်ဒါစာချုပ်ပျက်ပြယ်သည်အထိ အရေးယူဆောင်ရွက်ခြင်းခံရပါမည်။

၆-၅။ လုပ်ငန်းဆောင်ရွက်သည့်ကာလအတွင်း လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် အရက်နှင့် မူးယစ်ဆေးဝါး တမျိုးမျိုးကို သောက်သုံး၊ သုံးစွဲခြင်းအား တားမြစ်သည်။

၆-၆။ တင်ဒါလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူမှ အခြားသူသို့ တဆင့်ခံကန်ထရိုက်ပေး၍ လုပ်ငန်းဆောင်ရွက်စေခြင်း (subcontracting) မပြုလုပ်ရပါ။ စည်းကမ်းချက် ချိုးဖောက်သည်ကို စစ်ဆေးတွေ့ရှိပါက တင်ဒါလုပ်ငန်း သဘောတူစာချုပ်ပါအတိုင်း အရေးယူဆောင်ရွက်ခြင်း ခံရပါမည်။

၆-၇။ ချမ်းမြေ့မေတ္တာအသင်း၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ သက်ဆိုင်ရာ ကျေးရွာအုပ်စု၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာရေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များအား တင်ဒါလုပ်ငန်း ရရှိစေရန်သော်လည်းကောင်း၊ တင်ဒါလုပ်ငန်း ရရှိပြီးနောက်သော်လည်းကောင်း တံစိုးလက်ဆောင်(သို့မဟုတ်) ငွေကြေး ပေးခြင်း မပြုလုပ်ရပါ။

၆-၈။ တင်ဒါလုပ်ငန်း သဘောတူစာချုပ်ပါ အချက်များကို ချိုးဖောက်ခြင်း၊ လိုက်နာရန် ပျက်ကွက်ခြင်းတို့ကို သက်သေခိုင်လုံစွာ သိရှိ၊ တွေ့ရှိရပါက ချမ်းမြေ့မေတ္တာအသင်း၏ စီမံချက် ဒါရိုက်တာမှ တင်ဒါလုပ်ငန်း သဘောတူစာချုပ်ပါအတိုင်း အရေးယူဆောင်ရွက်ပါမည်။ လုပ်ငန်းဆောင်ရွက်သူနှင့် သဘောကွဲလွဲမှုများရှိပါက ချမ်းမြေ့မေတ္တာ အသင်း၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးနှင့် အတည်ဖြစ်သည်ဟု မှတ်ယူရပါမည်။

၆-၉။ တင်ဒါလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် တင်ဒါလျှောက်လွှာများအား ရွေးချယ်ရာတွင် လုပ်ငန်းသဘာဝနှင့် လျော်ညီသော၊ ယုတ္တိတန်သော၊ နည်းပညာကျွမ်းကျင်မှုရှိသော၊ လုပ်ငန်းရေရှည်တည်တံ့မှုအတွက် အာမခံချက်ရှိသော၊ အရည်အသွေးကောင်းမွန်သော၊ လုပ်ငန်း ဆောင်ရွက်မှုနှုန်းမည်ကောင်း ရှိသောသူကို ဦးစားပေးရွေးချယ်မည်ဖြစ်ပြီး ချမ်းမြေ့မေတ္တာ အသင်း၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

၇။ တင်ဒါလုပ်ငန်းနှင့် ပတ်သက်၍ အကြံပေးရန် (သို့) စောဒကတက်ရန် ရှိပါက အောက်ဖော်ပြပါအတိုင်း ဆက်သွယ်အသိပေးနိုင်ပါသည်။ ချမ်းမြေ့မေတ္တာအသင်း၏ ဝက်ဘ်ဆိုက် www.cmmmda.org တွင်လည်း အကြံပြု/တိုင်ကြားစာပုံစံကို ရယူ၊ ဖြည့်စွက်၊ ပေးပို့နိုင်ပါသည်။

ချမ်းမြေ့မေတ္တာအသင်း - 09449202070, 09449202071 (သို့မဟုတ်) info@cmmda.org
WHH (Myanmar) - 09422503630 (သို့မဟုတ်) complaints@welthungerhilfe.de

ချမ်းမြေ့မေတ္တာဖွံ့ဖြိုးရေးအသင်း
Chan Myae Myittar Development Association
www.cmmda.org, info@cmmda.org

**တင်ဒါခေါ်ယူခြင်း**

| | |
|---|---|
| **တင်ဒါအမှတ်စဉ်** | **- 002/tender/CMMDA** |
| **အကြောင်းအရာ** | **- တကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းများ (ကျောင်းနေအရွယ်) တင်ဒါခေါ်ယူခြင်း** |
| **တင်ဒါခေါ်ယူသည့်နေ့** | **- ၂ - ၁ - ၂၀၂၃** |
| **တင်ဒါတင်သွင်းရန် နောက်ဆုံးရက်** | **- ၅ - ၁ - ၂၀၂၃ (ညနေ ၅နာရီ)** |

၁။ ချမ်းမြေ့မေတ္တာဖွံ့ဖြိုးရေးအသင်းသည် မှတ်ပုံတင်အမှတ် (၁/ပြည်တွင်း/၀၁၉၀) ဖြင့် ပြည်ထဲရေး ဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားပြီး မြန်မာနိုင်ငံအတွင်း အာဟာရ ဖွံ့ဖြိုးရေး၊ ရေကောင်းရေသန့် ရရှိရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စသည့် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများအား ၂၀၁၃ ခုနှစ်မှ စတင်ကာ ဆောင်ရွက်နေသောအသင်း တစ်ခု ဖြစ်ပါသည်။ ချမ်းမြေ့မေတ္တာဖွံ့ဖြိုးရေးအသင်းသည် ညောင်ဦး မြို့နယ်၊ ထီးပုကျေးရွာအုပ်စု (MIMU Village Tract Code - MMR010022022) ရှိ ကျေးရွာ (၉) ရွာတွင် ကျေးလက်ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရေကောင်း ရေသန့် ရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖော်ပြပါ ကျေးရွာများရှိ ကျောင်းနေအရွယ်ကလေးများ အသုံးပြုရန် တစ်ကိုယ်ရေ သန့်ရှင်းရေးသုံး ပစ္စည်းများကို ပံ့ပိုးကူညီနိုင်ရန် အတွက် ဝယ်ယူလိုပါသဖြင့် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းလိုသူများအနေဖြင့် သတ်မှတ်ထားသည့်တင်ဒါဈေးနှုန်းတင်သွင်းလွှာပုံစံကို ချမ်းမြေ့ မေတ္တာရုံး၊ အမှတ် ၂၅၀၊ ရာဇသင်္ကြန်(၃)လမ်း၊ သီရိပစ္စယာ (၅) ရပ်ကွက်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်း ဒေသကြီးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက် ရယူ၍ တင်ဒါတင်သွင်းရန် နောက်ဆုံးရက် ညနေ ၅း၀၀ နာရီမတိုင်ခင် အိတ်ပိတ်ထားသည့် တင်ဒါလျှောက်လွှာများကို လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောပို့စနစ်ဖြင့် ပေးပို့နိုင်ပါသည်။

၃။ တင်ဒါပုံစံတွင် ဖော်ပြထားသည့်အချက်အလက်များနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက အပိုဒ်(၂)တွင် ဖော်ပြပါ ရုံးခန်းလိပ်စာသို့ တင်ဒါတင်သွင်းမည့်သူ (သို့မဟုတ်)ကိုယ်စားလှယ်မှ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း နိုင်ပါသည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခြင်းကို ဖြေကြားမည် မဟုတ်ပါ။

၄။ တင်ဒါလုပ်ငန်းကို တဆင့်ခံကန်ထရိုက်ပေးမည့်သူများ၊ ကိုယ်တိုင်ဆောင်ရွက်ခြင်း မပြုလုပ်နိုင်သူများ လျှောက်ထားရန် မလိုအပ်ပါ။ ချမ်းမြေ့မေတ္တာအသင်း၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအား တဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ တင်ဒါ တင်သွင်းခြင်း၊ တင်ဒါလုပ်ငန်းအား တဆင့်ခံ လုပ်ကိုင်ခြင်းများ ခွင့်မပြုပါ။

၅။ တင်ဒါတင်သွင်းရမည့် စည်းမျဉ်းစည်းကမ်းများ

၅-၁။ တင်သွင်းသော ဈေးနှုန်းအဆိုပြုလွှာကို ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်နှင့် ကုမ္ပဏီအမှတ်တံဆိပ်ပါရှိသည့် ရာဘာတံဆိပ်တုံး ခပ်နှိပ်ထား သည့် ကုမ္ပဏီ letterhead ဖြင့် ပူးတွဲ တင်သွင်း ရမည်ဖြစ်ပါသည်။

၅-၂။ အဆိုပြုလွှာ တင်သွင်းရာတွင် ပစ္စည်းဈေးနှုန်းနှင့် ဈေးနှုန်း အာမခံနိုင်မှု အချိန်အတိုင်းအတာနှင့် ပစ္စည်းအရည်အသွေး အာမခံချက်များကိုလည်း တိတိကျကျ ထည့်သွင်း ဖော်ပြပေးရမည်။

၅-၃။ တင်ဒါတင်သွင်းရာတွင် တွက်ချက်မှု အသေးစိတ်ကို တင်ပြရမည်။ (Detail of measurements,

Bill of quantity and activity work plan)

၅-၄။ ပြည့်စုံမှုမရှိသော အဆိုပြုလွှာများနှင့် သတ်မှတ်ချိန်ထက် ကျော်လွန်ရောက်ရှိလာသော အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၅-၅။ ငွေပေးချေရာတွင် KBZ Bank Special Account မှ ဘဏ်စာရင်းအချင်းချင်း ငွေလွှဲပြောင်းသည့် နည်းလမ်းဖြင့် စရံငွေပေးခြင်း၊ အရစ်ကျပေးချေခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်သောကြောင့် တင်ဒါ တင်သွင်းသူ၏ အမည်နှင့် ဘဏ်စာရင်းအမှတ်များ (သို့မဟုတ်) ငွေလွှဲပြောင်းခြင်းကို လက်ခံမည့်သူအမည်၊ မှတ်ပုံတင်အမှတ်နှင့် ဘဏ်စာရင်းအမှတ်များကို တင်ဒါတင်သွင်းရာတွင် တစ်ပါတည်း ဖော်ပြရမည်ဖြစ်သည်။ တင်ဒါတွင် မဖော်ပြထားသည့် ငွေလက်ခံမည့်သူအမည်နှင့် ဘဏ်စာရင်းအမှတ်များသို့ ငွေလွှဲပြောင်းပေးမည်မဟုတ်ပါ။

၆။ တင်ဒါတင်သွင်းသူနှင့် ၎င်း၏ လုပ်ငန်းဆောင်ရွက်မည့်သူများ လိုက်နာရန်စည်းကမ်းများ

၆-၁။ မြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေများကို လိုက်နာ ဆောင်ရွက်ရမည်။

၆-၂။ အသက်မပြည့်သေးသည့် ကလေးလုပ်သားများ အသုံးပြုခြင်းကို ရှောင်ရှားရမည်။

၆-၃။ လုပ်ငန်းဆောင်ရွက်သည့် ဒေသအတွင်း ကျင့်သုံးသည့် ဓလေ့ထုံးစံများကို လေးစား လိုက်နာရမည်။

၆-၄။ အမျိုးသားကိုဖြစ်စေ၊ အမျိုးသမီးကိုဖြစ်စေ ကိုယ်အမူအယာ၊ နှုတ်အမူအယာဖြင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်း၊ ကာယအိန္ဒြေပျက်ပြားစေခြင်း၊ ကိုယ်ထိလက်ရောက် စော်ကားခြင်း တို့ဖြစ်ပေါ်ပါက လုပ်ဆောင်ဆဲ လုပ်ငန်းအားရပ်တန့်စေ၍ တင်ဒါစာချုပ်ပျက်ပြယ်သည်အထိ အရေးယူဆောင်ရွက်ခြင်းခံရပါမည်။

၆-၅။ လုပ်ငန်းဆောင်ရွက်သည့်ကာလအတွင်း လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် အရက်နှင့် မူးယစ်ဆေးဝါး တမျိုးမျိုးကို သောက်သုံး၊ သုံးစွဲခြင်းအား တားမြစ်သည်။

၆-၆။ တင်ဒါလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူမှ အခြားသူသို့တဆင့်ခံကန်ထရိုက်ပေး၍ လုပ်ငန်းဆောင်ရွက်စေခြင်း (subcontracting) မပြုလုပ်ရပါ။ စည်းကမ်းချက် ချိုးဖေါက်သည်ကို စစ်ဆေးတွေ့ရှိပါက တင်ဒါလုပ်ငန်း သဘောတူစာချုပ်ပါအတိုင်း အရေးယူဆောင်ရွက်ခြင်း ခံရပါမည်။

၆-၇။ ချမ်းမြေ့မေတ္တာအသင်း၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ သက်ဆိုင်ရာ ကျေးရွာအုပ်စု၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာရေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များအား တင်ဒါလုပ်ငန်း ရရှိစေရန်သော်လည်းကောင်း၊ တင်ဒါလုပ်ငန်း ရရှိပြီးနောက် သော်လည်းကောင်း တံစိုးလက်ဆောင် (သို့မဟုတ်) ငွေကြေး ပေးခြင်း မပြုလုပ်ရပါ။

၆-၈။ တင်ဒါလုပ်ငန်း သဘောတူစာချုပ်ပါ အချက်များကို ချိုးဖေါက်ခြင်း၊ လိုက်နာရန် ပျက်ကွက်ခြင်းတို့ကို သက်သေခိုင်လုံစွာ သိရှိ၊ တွေ့ရှိရပါက ချမ်းမြေ့မေတ္တာအသင်း၏ စီမံချက် ဒါရိုက်တာမှ တင်ဒါလုပ်ငန်း သဘောတူစာချုပ်ပါအတိုင်း အရေးယူဆောင်ရွက်ပါမည်။ လုပ်ငန်းဆောင်ရွက်သူနှင့် သဘောကွဲလွဲမှုများရှိပါက ချမ်းမြေ့မေတ္တာ အသင်း၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးနှင့် အတည်ဖြစ်သည်ဟု မှတ်ယူရပါမည်။

၆-၉။ တင်ဒါလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် တင်ဒါလျှောက်လွှာများအား ရွေးချယ်ရာတွင် လုပ်ငန်းသဘာဝနှင့် လျော်ညီသော၊ ယုတ္တိတန်သော၊ နည်းပညာကျွမ်းကျင်မှုရှိသော၊ လုပ်ငန်းရေရှည်တည်တံ့မှုအတွက် အာမခံချက်ရှိသော၊ အရည်အသွေးကောင်းမွန်သော၊ လုပ်ငန်း ဆောင်ရွက်မှုနှံမည်ကောင်း ရှိသောသူကို ဦးစားပေးရွေးချယ်မည်ဖြစ်ပြီး ချမ်းမြေ့မေတ္တာ အသင်း၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

၇။ တင်ဒါလုပ်ငန်းနှင့် ပတ်သက်၍ အကြံပေးရန် (သို့) စောဒကတက်ရန် ရှိပါက အောက်ဖေါ်ပြပါအတိုင်း ရွေးချယ်ဆက်သွယ်အသိပေးနိုင်ပါသည်။ ချမ်းမြေ့မေတ္တာအသင်း၏ ဝက်ဘ်ဆိုက် www.cmmmda.org တွင်လည်း အကြံပြု/တိုင်ကြားစာပုံစံကို ရယူ၊ ဖြည့်စွက်၊ ပေးပို့နိုင်ပါသည်။

ချမ်းမြေ့မေတ္တာအသင်း - 09449202070, 09449202071 (သို့မဟုတ်) info@cmmda.org
WHH (Myanmar) - 09422503630 (သို့မဟုတ်) complaints@welthungerhilfe.de